အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)
NATIONAL LEAGUE FOR DEMOCRACY (Liberated Area)

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွတ်မြောက်နယ်မြေ သတင်းထုတ်ပြန်ချက်

၁။ ကုလအထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီသည် (၄) ကြိမ်မြောက် ခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခေါင်းဆောင်များနှင့် (၂) ကြိမ် တွေ့ဆုံခြင်းအပါအဝင် နအဖအာဏာပိုင်များ၊ သံတမန်များ၊ နအဖမှ လက်သပ်မွေးထားသော အဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်များအား (၆) ရက်ကြာ တွေ့ဆုံခဲ့ကြောင်း သိရသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နအဖထိပ်တန်းခေါင်းဆောင် ဗိုလ်ချုပ်ကြီးများနှင့် တွေ့ဆုံခွင့်မရခဲ့ကြောင်း ကြားသိရသည်။

၂။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဆက်ဆက်၏ မြန်မာနိုင်ငံရေးဆိုင်ရာ ဆောင်ရွက်ချက်များသည် နှစ်ပေါင်း (၂၀) ကြာမြင့်လာသည့်တိုင် ထင်ရှားသော တိုးတက်အောင်မြင်မှုများကို တွေ့မြင်ရခြင်းမရှိဖြစ်နေသည်မှာ မြန်မာနိုင်ငံရေးနှင့်ပတ်သက်သော ကုလသမဂ္ဂ၏ ချဉ်းကပ်ဆောင်ရွက်ချက်များသည် အားနည်းချက်ပေါင်းများစွာ ရှိနေသည်ကို ညွှန်ပြနေသည်။

၃။ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးကြီး အရှိန်မြင့်နေချိန်တွင် ဂမ်ဘာရီ၏ဆောင်ရွက်ချက်များသည် နအဖ၏လှည့်ကွက်တွင်းသို့ ဖြောင့်ဖြောင့်တန်းတန်း ဝင်သွားခဲ့ပြီး ဟန်ပြတွေ့ဆုံဆွေးနွေးရေးကို ယူအင်န်မှ ကြီးကြပ်ဆောင်ရွက်ခဲ့ခြင်းဖြင့် နအဖ၏ လမ်းပြမြေပုံအဆင့်ဆင့်ကို ပြီးမြောက်အောင်မြင်စေရန် ဆောင်ရွက်သကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မြန်မာ့နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာရန် လွန်စွာမှပင် အခက်အခဲဖြစ်နေသည်ကို တွေ့နေရသည်။

၄။ နအဖ၏ တဖက်သတ်ဆောင်ရွက်ချက်များကို ဆက်လက်သည်းခံဆောင်ရွက်ရာတွင် အကန့်အသတ်များထားသင့်ကြောင်း၊ အထူးသဖြင့် အချိန်အကန့်အသတ်ကို သတိပြု၍ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူများအတွက် အာဇာနည်ပုဂ္ဂိုလ်များကဲ့သို့ ကိုယ်ကျိုးစွန့်အနစ်နာခံဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများသို့ ရှင်းလင်းစွာ အသိပေးခဲ့ပြီးဖြစ်သည်ကို ခိုင်လုံသော သတင်းများအရ သိရှိရသည်။

၅။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မစ္စတာဂမ်ဘာရီသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ ကိုယ်စားလှယ်ပင်ဖြစ်သော်လည်း မြန်မာနိုင်ငံ၏အရေးအရာများကို ကြားဝင်ဆောင်ရွက်ရာတွင် ထူးခြားတိုးတက်မှုဖြစ်ထွန်းစေမည်ဟု ယုံကြည်မှုအားနည်းလာပြီဖြစ်သောကြောင့်၎င်း၊ နအဖအနေဖြင့် ၎င်းတို့ တဖက်သတ်လုပ်ဆောင်ချက်များသည် ပြည်သူလူထုမှ သဘောတူလက်ခံနိုင်ခြင်းမရှိသည်ကို ထင်ထင်ရှားရှား ပြသနိုင်ရန်အတွက်၎င်း၊ ဒီမိုကရေစီခေါင်းဆောင်ပီသစွာပင် ခိုင်မာငြိမ်းချမ်းသော နည်းလမ်းများကိုအသုံးပြု၍ နအဖကိုရင်ဆိုင်ရန် ဆုံးဖြတ်ပြင်ဆင်ခြင်းအားဖြင့်၊ ၎င်း၏နေအိမ်တွင် မည်သူ့ကိုမျှ လက်ခံတွေ့ဆုံခြင်း၊ မည်သည့်အစားအသောက်ကိုမျှ လက်ခံရယူခြင်းမရှိသည်မှာ ယနေ့ဆိုလျှင် (၉) ရက်ရှိခဲ့ပြီဖြစ်သည်။

၆။ အကယ်၍ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နေ့စဉ်ပေးပို့နေကျ အစားအသောက်များကို လက်ခံရန် ဆက်လက်ငြင်းဆန်နေပါက ၎င်း၏ကျန်းမာရေးအတွက် အထူးပင်စိုးရိမ်ရသော အခြေအနေသည် မကြာမီ ရောက်ရှိလာနိုင်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူရှိနေသော အဖော်နှစ်ဦးအတွက်လည်း စိုးရိမ်စရာကောင်းနေသည်။ ထို့ကြောင့် ၎င်းအခြေအနေမှလွန်မြောက်စေရန် ပြင်းထန်၍ ထိရောက်သော နိုင်ငံတကာ၏ အရေးယူဆောင်ရွက်ချက်များ အမြန်ဆုံးရောက်ရှိနိုင်ရန် လိုအပ်သည်။ ဒေါ်အောင်ဆန်းစုကြည်သာ တခုခုဖြစ်သွားပါက မြန်မာပြည်သူများ၏ ပေါက်ကွဲမှုများ သည် ထိမ်းမနိုင်သိမ်းမရသည့် အခြေအနေသို့ ရောက်သွားနိုင်သည်။

၇။ ထို့ကြောင့် ၎င်းအခြေအနေဆိုးများ မပေါ်ပေါက်မီ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင် မြန်မာနိုင်ငံသို့ အမြန်ဆုံး သွားရောက်၍ ဖြေရှင်းရန် မိမိတို့အနေဖြင့် ပြင်းပြင်းထန်ထန် တိုက်တွန်းအပ်ပါသည်။ ထို့အပြင် မိမိတို့ နိုင်ငံတကာမိသားစုများအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် အဖွဲ့အစည်းများကို တိုက်တွန်းနှိုးဆော်ကြရန် ပန်ကြားအပ်ပါသည်။

ဗဟိုကော်မတီ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)

နေ့စွဲ။ ။ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်။